**Karenni National Progressive Party (KNPP)**

**Headquarters**

P. O. Box 6, A. Muang, Mae Hong Son 58000, Thailand; Email: knpphq2013@gmail.com

Mobile phone: G.S. +66(0) 8 9553 1296, S.1 +66(0) 6 1313 7004, S.2 +66(0) 6 3074 9087

## ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (Karenni National Progressive Party - KNPP) မှ ပေးပို့သည့် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် (SNLD) ၏ ဥက္ကဋ္ဌဟောင်း ခွန်ထွန်းဦး ကွယ်လွန်ခြင်းအတွက် ဝမ်းနည်းကြောင်း သဝဏ်လွှာ

၂၀၂၂ ခုနှစ်၊ ဧပြီလ (၃၀) ရက်

၁။ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် (SNLD) ၏ ဥက္ကဋ္ဌဟောင်း ခွန်ထွန်းဦး (အသက် ၇၉ နှစ်) သည် ၃၀-၄-၂၀၂၂ ရက် နေ့လည်ပိုင်းအချိန်တွင် လူကြီးရောဂါဖြင့် ရန်ကုန်မြို့ရှိ ၎င်း၏ နေအိမ်၌ ကွယ်လွန်အနိစ္စ ရောက်သွားကြောင်း ကြားသိရပါသဖြင့် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် ပါတီဝင်များ၊ ရှမ်းတိုင်းရင်းသားများ၊ ကျန်ရစ်သူမိသားစုများ တို့နှင့်အတူ မိမိတို့ ကရင်နီအမျိုးသား တိုးတက်ရေး ပါတီ (KNPP) မှလည်း ထပ်တူပင် အလွန် ဝမ်းနည်းကြေကွဲခြင်း ဖြစ်ခဲ့ရပါသည်။

၂။ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် (SNLD) ၏ ဥက္ကဋ္ဌဟောင်း ခွန်ထွန်းဦး ကွယ်လွန်ခြင်းသည် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် (SNLD) အတွက်သည်သာမဟုတ်ဘဲ၊ ညီနောင် ရှမ်းတိုင်းရင်းသားများအတွက်သော်လည်းကောင်း၊ မိမိတို့ ကရင်နီအမျိုးသားများ အပါအဝင် ပြည်ထောင်စုအတွင်းရှိ ဖက်ဒရယ်ဒီမိုကရေစီစနစ် ကြိုးပမ်းနေမှုများတွင်လည်းကောင်း ဆုံးရှုံးမှုကြီး တစ်ရပ်ပင် ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွတ်မြောက်ရေး၊ ဖက်ဒရယ်ဒီမိုကရေစီတည်ဆောက်ရေး တို့တွင် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ အပါအဝင် အခြားသောအဖွဲ့အစည်းများတို့နှင့် လက်တွဲဆောင်ရွက်ခဲ့သည့် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် (SNLD) ၏ ဥက္ကဋ္ဌဟောင်း ခွန်ထွန်းဦး ဆုံးရှုံးမှုကြီးအား ကျန်ရစ်သူမိသားစုများ၊ ပါတီဝင်များ၊ ရှမ်းတိုင်းရင်းသားများ တို့နှင့်အတူ နမြောတသ ဝမ်းနည်းရပါကြောင်း ဤသဝဏ်လွှာကို ပေးပို့အပ်ပါသည်။

ခွန်ထွန်းဦး ကောင်းရာသုဂတိ လားပါစေသော်ဝ်

ပါတီဗဟိုဌာနချုပ်

ကရင်နီအမျိုးသားတိုးတက်ရေးပါတီ